



ရခိုင်သမိုင်းကျွမ်းကျင်သူ နိုင်ငံတကာသမိုင်းပညာရှင်
ဒေါက်တာ ဂျက်လိုင်ဒါ
**Dr.JACQUES P.LEIDER**

**Research Scholar and historian**
**Head - EFEO (French Institute of Asian Studies)**
*Twenty years of practical experience of continental Southeast Asia, particularly Myanmar and Thailand. Having done academic research on Myanmar for over twenty years and tith a direct experience of living in Southeast Asia, he is contributing to primary research and ongoing research programs on issues of cultural conservation.*

နိုင်ငံတကာအဆင့်မြင့်ပညာရေးနှင့် သမိုင်းသုတေသီ
ဒေါက်တာစတီဖန်ဗင်ဂါလန်
**Dr. STEPHAN VAN GALEN**




**Higher education and Research scholar**
**2nd phase Accreditation Coordinator**
**Dutch-Flemish Accreditation Organization**
*More than 10 years experience in higher education in policy design and implementation at the highest level, as with managing wayward professionals. Experience with the implementation of change processes within the organization and the sector as a whole. Well-developed political and administrative antenna.*



နိုင်ငံတကာ သမိုင်းပညာရှင်နှင့် ဂျပန်တက္ကသိုလ်
အရှေ့တောင်အာရှသမိုင်းပါမောက္ခဒေါက်တာအေးချမ်း
**DR.AYE CHAN**

**Research Scholar and historian**
**Professor of Southeast Asian History**
**Faculty of International Languages and Cultures**
**Kanada University of International Studies, Japan.**

"အရှေ့တောင်အာရှသမိုင်း၊ အထူးသဖြင့် ရခိုင်သမိုင်းနှင့်ပတ်သက်၍ ကမ္ဘာ့အကျွမ်းကျင်ဆုံး နိုင်ငံတကာအသိအမှတ်ပြုသမိုင်းပါမောက္ခများဟောပြောထားသည်။
သမိုင်းသည်အတိတ်ကိုသင်ခန်းစာယူရန်ဖြစ်ပြီး အနာဂတ်ကိုပြင်ဆင်ရန်ဖြစ်သည်။
သို့မှသာ အနာဂတ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံအေးချမ်းရေးတို့ကို တည်ဆောက်နိုင်ပါလိမ့်မည်။ မြန်မာတိုင်းရင်းသားတိုင်းနားလည်နိုင်စေရန်အတွက် တိတိကျကျဘာသာပြန်ဆို၍ မြန်မာ - အင်္ဂလိပ်နှစ်ဘာသာဖြင့် ပုံနှိပ်သည်။"



**ဦးကျော်သောင်း**
(ရခိုင်သမိုင်းဆိုင်ရာနိုင်ငံတကာ
ပညာရှင်များရှင်းလင်းပွဲ
ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ)

## နှုတ်ခွန်းဆက်စကား

အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ဒီသမိုင်းရှင်းလင်းပွဲကို ဦးဆောင်ဟောပြောကြမယ့် ဂျပန်နိုင်ငံ၊ ကန်ဒတက္ကသိုလ်၊ နိုင်ငံတကာလေ့လာရေးဌာနက သမိုင်းပါမောက္ခ ဒေါက်တာအေးချမ်း၊ ပြင်သစ်နိုင်ငံ အာရှလေ့လာရေးဌာနက ထိုင်းနဲ့မြန်မာသမိုင်းကို အထူးပြုပြီးတော့ နှစ်ပေါင်း ၂၀ လောက် လေ့လာထားတဲ့ ပြင်သစ်နိုင်ငံက သမိုင်းပါမောက္ခဒေါက်တာဂျက်ပီလိုင်ဒါနဲ့ နယ်သာလန်နိုင်ငံ၊ ဟိုက်ဂူးဒေသ ဒတ်ချ်ဘာသာစကား အသိအမှတ်ပြုအသင်းရဲ့ ညှိနှိုင်းဆောင်ရွက်ရေးမှူး၊လိုက်ဒင်းတက္ကသိုလ်က ပါမောက္ခဒေါက်တာစတီဖင်ဗင်ကလင်တို့နဲ့တက္ကသိုလ် အသီးသီးကပါမောက္ခများ၊ နိုင်ငံတကာ သံအရာရှိကြီးများ၊ သတင်းဌာနများနဲ့အထူး ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ဘန်ကောက်မြို့တက္ကသိုလ်အသီးသီးမှာပညာ သင်ကြားနေကြတဲ့ ရခိုင်ရဟန်းသံဃာတော်များနဲ့ ကျောင်းသား/ကျောင်းသူများ အပါအဝင် တက်ရောက်လာကြသူအားလုံးတို့ကို ကော်မတီကိုယ်စားအထူးကျေးဇူး တင်ပါတယ်လို့ ပြောပါရစေ။

ကျွန်တော့်နာမည်က ဦးကျော်သောင်းပါ။ ယခုကျင်းပတဲ့ ရခိုင်သမိုင်းဆိုင်ရာ နိုင်ငံတကာသမိုင်းပညာရှင်များ ရှင်းလင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်ဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးနဲ့ အလုပ်သမားအခွင့်အရေးတွေကို ဘန်ကောက်အခြေစိုက်ပြီးတော့ ဆောင်ရွက်ပေးနေတဲ့ ထိုင်းနိုင်ငံရောက်မြန်မာ နိုင်ငံသားများအဖွဲ့က ဒါရိုက်တာ တစ်ယောက်ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေ့လုပ်သား အလုပ်သမားရေးရာသတင်းဂျာနယ်ရဲ့ အယ်ဒီတာတစ်ဦးလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီလိုသမိုင်းရှင်းလင်းပွဲကြီးတစ်ခုဖြစ်ပေါ်လာနိုင်ရေးအတွက် စီစဉ်ကြတဲ့အခါ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအခက် အခဲကြားထဲက ကျွန်တော်တို့ဘန်ကောက်မြို့တက္ကသိုလ် အသီးသီးမှာပညာသင်ကြား နေကြတဲ့ ရခိုင်ရဟန်းသံဃာတော်တွေကျောင်းသား/ကျောင်းသူတွေနဲ့ ရခိုင်ရွှေ့ ပြောင်းအလုပ်သမားတွေအပြင် နိုင်ငံတကာရောက်ရခိုင်သားများအားလုံးပူးပေါင်း ဆောင်ရွက်ကြတာကြောင့် ကျွန်တော်တို့မဟီဒေါတက္ကသိုလ်မှာ ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရခိုင်သမိုင်း ရှင်းလင်းပွဲကို နိုင်ငံတကာပညာရှင်များကို ဖိတ်ပြီး နိုင်ငံတကာသံတမန်တွေ၊ နိုင်ငံရေးအသင်းအဖွဲ့တွေနဲ့ မြန်မာအပါအဝင် နိုင်ငံတကာသတင်းမီဒီယာများရှေ့မှာ ယခုလိုကျင်းပခွင့်ရတာ ကျွန်တော်တို့တစ် မျိုးသားလုံးအတွက် ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူမိပါတယ်။

ကျွန်တော်တို့ ဒီရခိုင်သမိုင်းဆိုင်ရာ နိုင်ငံတကာပညာရှင်များရှင်းလင်းပွဲကို ဦးတည်ချက်သုံးခုနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်။

(၁) ကျွန်တော်တို့ ရခိုင်သမိုင်းကို နိုင်ငံတကာ သတင်းမီဒီယာတွေနဲ့မိတ်ဆက် ပေးရန်၊

(၂) ပြည်ပအခြေစိုက်မြန်မာ သတင်းမီဒီယာတွေဟာပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဆက်ဆက် ယနေ့တိုင်အသိအမှတ်မပြုတဲ့ ရိုဟင်ဂျာဆိုတဲ့နာ မည်ကို တွင်တွင်ကြီးသုံးနေကြတာကို တွေ့နေရပါတယ်။ အမှားကြာလျှင် အမှန်ဖြစ် သွားတတ်ပါတယ်။

(၃) ဒီကနေ့ နိုင်ငံတကာသမိုင်းပညာရှင်တွေ ဟောပြောခဲ့တာသမိုင်းဆိုင်ရာ အထောက်အထားတွေကို နောင်အနာဂတ်မှာသမိုင်းသုတေသီများအတွက် ကိုးကား နိုင်လောက်တဲ့အထောက်အထားတွေအပြည့်အစုံကျန်နေခဲ့ဖို့အတွက် ကျွန်တော်တို့ ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်။

အဲဒီအချက်သုံးချက်ကို အသေးစိတ်အနည်းငယ်ရှင်းပြရမယ်ဆိုရင် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း ရခိုင်ပြည်မှာ ရခိုင်လူမျိုးဆိုတာရှိပါတယ်။ ရခိုင်လူမျိုးတွေဟာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် သူများ ဖြစ်ပြီး ယခင်နှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနဲ့ နေလာခဲ့ကြတဲ့လူမျိုးတစ်မျိုးလည်းဖြစ်ပါတယ်။ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးဆိုပြီး ရခိုင်ဘုရင်တွေ အုပ်ချုပ်တဲ့ခေတ်၊ တနည်းအားဖြင့် ရခိုင်တွေ ကိုယ့်ထီကိုယ့်နန်းနဲ့နေခဲ့ကြတဲ့ခေတ်ကြီးတွေ ရှိခဲ့ပါ တယ်။ အဲဒီခေတ်ကြီးလေးခေတ်အနက် ဒုတိယဓညဝတီခေတ်ကတည်းကရခိုင်တွေ ဟာ ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်လာခဲ့ကြတာ ယခုအထိ ဖြစ်ပါတယ်။ ဘုရားပုထိုး စေတီတွေကရခိုင်လူမျိုးတွေဟာ ဗုဒ္ဓဘာသာကိုခေတ်အဆက်ဆက်ကိုးကွယ်ယုံကြည် လာခဲ့ကြတယ်ဆိုတာ ယခုတိုင်သက်သေပြနေပါတယ်။ ဒါ့အပြင် အဲဒီအချိန်က တည်းက အနုသုခုမအတတ်ပညာ အမျိုးမျိုးတွေကို ရခိုင်လူမျိုးတွေ တတ်မြောက် နေပြီဆိုတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီအခြေအနေမျိုးမှာ ကျွန်တော်တို့စဉ်းစားမိတာက ကျွန်တော်တို့ ခေတ်သစ် ရခိုင်သမိုင်းကို သုတေသနပြုဖို့ သုတေသီတွေ လိုအပ်နေပါတယ်။ ဒါကြောင့်ကမ္ဘာ တစ်ဝှန်းက သမိုင်းသုတေသီတွေ ရခိုင်သမိုင်းကို လေ့လာချင်လာအောင် ရခိုင်သမိုင်း ကို ကမ္ဘာ့မီဒီယာတွေနဲ့ မိတ်ဆက်ပေးရတဲ့အခမ်းအနားလည်း ဖြစ်ပါတယ်။

ဒုတိယအချက်ကို အနည်းငယ်ထပ်ရှင်းပြရရင် အရေးကြီးတဲ့အခြေအနေမှာရှိ နေပါတယ်။ ရခိုင်တွေဟာ နှစ်ပေါင်းများစွာကတည်းက ကိုယ်မင်းကိုယ့်ချင်းနဲ့နေ လာခဲ့ကြတယ်။ ဒါပေမယ့် ဒီနေ့ရခိုင်ဟာ သမိုင်းအနိုးခံရတဲ့အနေအထားကိုရောက် ရှိနေပါတယ်။ အင်္ဂလိပ်အစိုးရမှတ်တမ်းတွေမှာလည်းမရှိတဲ့ ရိုဟင်ဂျာဆိုတဲ့နာမည် တုနဲ့ လူတစ်စုဟာဖြင့် ကျွန်တော်တို့ရခိုင်သမိုင်းကို သူတို့သမိုင်းပြုပြီး မြောက်ဦး မြို့က ရှစ်သောင်းပုထိုးတော်ကြီးကိုတောင် ဗလီဆိုပြီး ပြောဆိုလာသည်အထိ သမိုင်းကို ခိုးယူလာတာ တွေ့ရှိရပါတယ်။ သိပ်မကြာသေးခင်ကာလက ရခိုင်ပြည်မှာရိုဟင်ဂျာ အမည်ခံဘင်္ဂါလီတွေနဲ့ ရခိုင်လူမျိုးတွေကြားမှာ ပဋိပက္ခတွေ ဖြစ်ခဲ့ကြပါတယ်။ ဒီဖြစ်စဉ် မှာ မြန်မာနိုင်ငံအစိုးရ အပါအဝင် ရခိုင်ဗုဒ္ဓဘာသာဝင်တွေဟာ ရိုဟင်ဂျာနာမည် ခံလူနည်းစုနဲ့ လူ့အခွင့်အရေးချိုးဖောက်ပြီး လူမျိုးတုန်း သတ်ဖြတ်နေပါတယ်ဆိုတဲ့ အထိ အကွက်ကျကျလိမ်လည်မှုတွေနဲ့ မြန်မာနိုင်ငံအစိုးရ ရင်ဆိုင်ခဲ့ရပါတယ်။

အားလုံးသိကြတဲ့အတိုင်းပါပဲ ကျွန်တော်တို့ရခိုင်ပြည်မှာ မွတ်ဆလင်တွေနဲ့ ရခိုင်တွေဟာ ဆယ်စုနှစ် တော်တော်များများထိ ပြဿနာတွေ မဖြစ်ပဲ၊ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြတဲ့လူမျိုးတွေ ဖြစ်ပါတယ်။ ဒါပေမယ့်ဒီနေ့ အသစ်ရောက် တဲ့ရိုဟင်ဂျာဆိုတဲ့ သမိုင်းလိမ်ဘင်္ဂါလီမွတ်ဆလင်တချို့ရဲ့သွေးထိုး လှုံ့ဆော်မှုတွေ ကြောင့်သာ ရခိုင်ပြည်တွင်း နေထိုင်နေကြတဲ့ မွတ်ဆလင်ဘာသာဝင်တွေနဲ့ ရခိုင် တွေကြား တင်းမာခဲ့ရတာပါ။ မွတ်ဆလင်တွေဟာ ရိုဟင်ဂျာဆိုတဲ့ သမိုင်းလိမ်ဘင်္ဂါ လီတွေရဲ့စကားကို အများစုနားယောင်ပြီး သေဒဏ်တွေကို ပြဿနာရှာခဲ့ရာကစခဲ့ ရတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် ဒီပြဿနာဟာလည်း သမိုင်းနဲ့ဆက်စပ်နေ တဲ့အတွက်ကြောင့် သမိုင်းရှုထောင့်မှ ရှင်းရလိမ့်မယ်လို့ ထင်မြင်မိတာကြောင့် ဒီနေ့ ရခိုင်သမိုင်းဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။

တတိယအချက်ကတော့ ကျွန်တော်တို့ ရခိုင်သမိုင်းကို ဆက်လက်ပြီးသုတေ သန မပြုလုပ်နိုင်ကြဘူးဆိုရင် များမကြာမီ ကျွန်တော်တို့သမိုင်းဟာ ရိုဟင်ဂျာဆို တဲ့သမိုင်းလိမ်တွေရဲ့ လက်ထဲကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယနေ့အချိန်ဟာ ကျမ်းကိုးလောက်တဲ့ ရခိုင်သမိုင်းသုတေသနစာတမ်းတွေနဲ့တခြား သုတေသနဆိုင်ရာ အရင်းအမြစ်တွေ အင်မတန်နည်းနေတဲ့အတွက် ခေတ်သစ်ရခိုင် သမိုင်းသုတေသီများအနေနဲ့ ရခိုင်သမိုင်းကို ပြုစုတဲ့နေရာမှာ အခက်အခဲကြုံနေရတာ တချို့ရှိပါတယ်။

ဒါကြောင့် ယခင် ပြောဆိုသုံးနှုန်းနေကြတာတွေ၊ ယခင်တွေးမြင်ခဲ့သမျှတွေဟာ ဂလိုဘယ်လိုက်ဇေးရှင်း၊ လူ့အခွင့်အရေးလို့ အသံကျယ်ကျယ်အော်နေတဲ့အချိန်ကာလ ဖြစ်နေတာကြောင့် မိမိတို့ ထုတ်လွှင့်နေ၊ ဖတ်ရှုနေတဲ့သတင်းတွေ အချက်အလက် တွေဟာ အမှားလား၊ အမှန်လား၊ ဒို့ပြောနေတာတွေဟာ အမှန်ဘက်ကလား၊ အမှား ဘက်ကမီးလောင်ရာလေပင့် မြှောက်ပေးနေတာနဲ့တူသလား၊ အမှန်တရားက ဘယ် ဟာလဲဆိုတာ ဒီသမိုင်းရှင်းလင်းပွဲကြီးကအပြန်မှာအမြင်မှန်ရရှိသွားနိုင်ကြလိမ့်မယ် လို့ မျှော်လင့်ပါတယ်။

ဒီလိုအပ်ချက်တွေကို ယခုနိုင်ငံတကာသမိုင်းပညာရှင်များရဲ့ ဟောပြောပို့ချ ချက်များက ဖြည့်စွက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တာကြောင့် ကျွန်တော်တို့ ရခိုင် သမိုင်းရှင်းလင်းပွဲကိုကျင်းပရခြင်းဖြစ်ပါတယ်။ တက္ကသိုလ်မှာကျင်းပရခြင်းကတော့ တက္ကသိုလ်ဆိုတာပညာရပ်နယ်ပယ်ဖြစ်တယ်။ တက္ကသိုလ်တစ်ခုခုမှာ ကျင်းပမှသာလျှင် ပညာရှင်တွေလက်ခံအသိအမှတ်ပြုကြမယ်လို့ထင်မြင်ယူဆတဲ့ အတွက်ကြောင့် ဒီနေ့ သမိုင်းပါမောက္ခတွေဟောပြောကြမယ့်အကြောင်းအရာတွေကိုတက္ကသိုလ်ပုံရိပ်တွေ နဲ့အများလက်ခံနိုင်တဲ့မှတ်တမ်းမှတ်ရာတစ်ခုအဖြစ် တင်ကျန်နေခဲ့စေချင်တာကြောင့် ကျင်းပရတာဖြစ်ပါတယ်။ အားလုံးကိုဝမ်းမြောက်စွာကြိုဆိုပါကြောင်း ကျေးဇူးတင် ပါကြောင်းပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

□□□